ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၄.၁၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကော်မတီအစည်းအဝေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ကျန်းမာရေး။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကျန်းမာရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကျန်းမာရေး။ ဦးခင်မောင်(ခေါ်)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကျန်းမာရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကျန်းမာရေး။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးကျော်နုမော်၊ တပ်မတော်၊ တာဝန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွှန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဖလမ်းမြို့နယ်၊ ဗာရ်တံတားအထက်မှ ရေအားလျှပ်စစ် တည်ဆောက်ပြီး ထွက်ရှိလာမည့် ဓာတ်အား မဂ္ဂါဝပ်(၃၀)ကို ကျေးလက်ဒေသများသို့ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ဖလမ်းမြို့နယ်၊ ဗာရ်တံတားအထက်မှ ရေအားလျှပ်စစ် တည်ဆောက်ပြီး ထွက်ရှိလာမည့် ဓာတ်အားမဂ္ဂါဝပ်(၃၀)ကို ကျေးလက်ဒေသများသို့ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံး ၂၀၁၆ နှစ်သစ်အခါသမယမှာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ အမြဲတမ်းရရှိ ခံစားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းကတော့ မကြာခင်မှာ ကျွန်တော်တို့ ဖလမ်း မြို့မှာ မဟာဓာတ်အားလိုင်း ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ မဟာဓာတ်အားလိုင်းက အဲဒီ မြို့နဲ့ အဲဒီ လိုင်းကြောင်း အနီးတစ်ဝိုက်လောက်ပဲ ဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။ အခု ကျွန်တော်တင်ပြတဲ့ဟာကတော့ ၂၀၁၁ ခုနှစ်တုန်းက ကျွန်တော်တင်ပြခဲ့တဲ့ ဒီမဏိပူရ်မြစ်ဖြတ်တဲ့ ဗာရ်တံတားအထက် အနားမှာ ကျွန်တော်တို့ လျှပ်စစ်တည်ဆောက်လို့ရှိရင်တော့ ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချနိုင်မယ်။ နောက် ကျေးလက်ဒေသ ကိုလည်း မီးဖြန့်ဝေပေးနိုင်မယ်ဆိုပြီးမှ ကျွန်တော်တင်ပြခဲ့တာ တိုင်းတာရေး ပညာရှင် များက တိုင်းတာတဲ့ အခါမှာ မဂ္ဂါဝပ် (၃၀) ထွက်ရှိလာမယ်လို့ သိရှိရပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုလည်း ကျွန်တော်တင်ပြခဲ့ပါတယ်။ ဒါပေမဲ့ ဆောင်ရွက်ခြင်းမရှိပါ။ နောက် ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားကိုလည်း ကျွန်တော် တင်ပြတယ်။ သူတို့ မဆောင်ရွက်နိုင်ခဲ့ပါ။ နောက်ဆုံး သမ္မတကြီးထံကိုလည်း ဒီစာကို တင်ပြခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့အထိ ဘာအကျိုးအကြောင်းမှ မရှိတဲ့အတွက်ကြောင့် အခုလို ပြန်တင်ပြရခြင်း ဖြစ်ပါတယ်။ အခု ရေအားလျှပ်စစ်ကို တည်ဆောက်နိုင်လို့ရှိရင် မဂ္ဂါဝပ် (၃၀)ဆိုတာ နည်းတဲ့အားမဟုတ်တဲ့အတွက်ကြောင့် ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုကိုလည်း တော်တော်လေး လျှော့ချနိုင်မယ် ဖြစ်ပါတယ်။ နောက် သစ်ပင်ခုတ်ပြီးမှ တောင်ယာစိုက်ခြင်း၊ နောက်ထင်းအဖြစ်ခုတ်ခြင်းများကိုလည်း အတော်လေးကို လျှော့နည်းမယ် ဖြစ်ပါတယ်။ အဲဒီလျှော့နည်းတဲ့အခါမှာ သစ်ပင်များ အုံဆိုင်းလာပြီး ဂေဟစနစ်လည်း ကောင်းမွန်လာမယ်။ ရာသီဥတုလည်း ကောင်းမွန်လာမယ်ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ် ဇူလိုင်လတုန်းက ရေကြီးရေလျှံ မြေပြိုမှုတွေ သစ်ပင်ခုတ်များလွန်းတဲ့ အတွက်ကြောင့် ဖြစ်တယ်လို့ သူတို့ဆိုပါတယ်။ အဲဒါကိုလည်း ကာကွယ်နိုင်မယ် ဖြစ်တဲ့အတွက်ကြောင့် ဒီ ရေအားလျှပ်စစ်ကို တည်ဆောက်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်

ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျွန်ခဲန်း မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ဖလမ်းမြို့နယ်၊ ဗာရ်တံတားအထက် မှ(၁)မိုင်၊ (၄) ဖာလုံခန့်အကွာ မဏိပူရ်မြစ်အပေါ်မှာတည်ရှိတဲ့ နေရာကို အထက်မဏိပူရ်ရေအားလျှပ်စစ် အရင်းအမြစ်ဌာန အနေနဲ့ စူးစမ်းတိုင်းတာပြီး ဖြစ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုနေရာမှာ ဌာနမှ ဆောင်ရွက်လျက်ရှိတဲ့ (၁၈၀)မဂ္ဂါဝပ် ထွက်ရှိမယ့် မဏိပူရ် ရေအားလျှပ်စစ်စီမံကိန်းရဲ့အထက် (၁၄)မိုင် ခန့်အကွာမှာ တည်ရှိပါတယ်။ အဆိုပြုနေရာနဲ့ ပတ်သက်ပြီး ၂၀၁၁ ခုနှစ်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများပါဝင်တဲ့ စူးစမ်းတိုင်းတာရေး အဖွဲ့က စီမံကိန်းဆိုင်ရာ အခြေခံအချက်အလက်များဖြစ်တဲ့ မြေပြင်အနေအထားနဲ့ ရေထုစီးနှုန်းတို့ကို စူးစမ်းတိုင်းတာခဲ့ကြရာမှာ (၃၀)မဂ္ဂါဝပ်ခန့် ထွက်ရှိနိုင်ကြောင်း ပဏာမ တွေ့ရှိရပါတယ်။

သို့သော် ဘူမိဗေဒ အခြေအနေနဲ့ စီမံကိန်းစနစ်ပုံစံတို့ကို အသေးစိတ်စူးစမ်းလေ့လာမှုများ ဆက်လက်ဆောင်ရွက်ရန် လိုအပ်တဲ့အတွက် ၂၀၁၃ ခုနှစ်၊ မတ်လမှာ ဌာန၏ အတိုင်ပင်ခံအဖွဲ့ဖြစ်တဲ့ ဂျပန်နိုင်ငံ NEWJEC Inc ကုမ္ပဏီမှ ပညာရှင်များနဲ့ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနက ဝန်ထမ်းများပါဝင်တဲ့ စူးစမ်းတိုင်းတာရေးအဖွဲ့ကို ဒုတိယအကြိမ်စေလွှတ်ပြီး တိုင်းတာစေခဲ့ပါတယ်။ အသေးစိတ် လေ့လာချက်များအရ မြေမျက်နှာသွင်ပြင် အနေအထားမှာ မြစ်ကမ်းပါးများ မတ်စောက်ပြီးတော့ ဘေးနံရံ တည်ငြိမ်မှု ထိန်းသိမ်းရန် ခက်ခဲပါတယ်။ မြစ်ကမ်းပါးနှင့် ကြမ်းပြင်တို့ရဲ့ ထိတွေ့တဲ့ ကျောက်သားအနေအထားဟာ ပျက်စီးကြေမွလွယ်တဲ့ ရွှံ့ကျောက်ထပ်လွှာများသာ ဖြစ်ပြီးတော့ တမံနဲ့ ဓာတ်အားပေးစက်ရုံကို တည်ဆောက်ဖို့ရန်ခက်ခဲတဲ့ အနေအထားမှာရှိပါတယ်။ တည်ဆောက်ပါကလည်း ကုန်ကျစရိတ်များပြားပြီး အထူးပြုဆောင်ရွက်ရမယ့်လုပ်ငန်းများ ပါဝင်လာနိုင်တဲ့အချက်တွေကို တွေ့ရှိရပါတယ်။ ဒါ့အပြင် အဲဒီနေရာနဲ့ အနီးတစ်ဝိုက်မှာ သဲ၊ ကျောက်စရစ် စတဲ့ တည်ဆောက်ရေး လုပ်ငန်းသုံး ပစ္စည်းတွေ ရှားပါးပြီးတော့မှ အဝေးကြီးကနေ ပြီးတော့မှသယ်ရမယ့်ဟာကို တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ နှစ်စဉ် ပျမ်းမျှ စီးဝင်ရေ တိုင်းတာတဲ့အခါမှာ ဧကပေ (၄၄၁၃၀၀၀)ခန့် စီးဝင်နိုင်ပြီး သိုလှောင်မယ့် ရေပမာဏဟာ (၈၀၅၉၀)ဧကသာ ရှိတဲ့အတွက်ကြောင့်မို့လို့ မိုးတွင်းကာလ မြစ်ရေကြီးချိန်မှာ ပိုလျှံရေများကို ထုတ်လွှတ်ပေးမယ့် ရေပိုလွှဲအဆောက်အအုံဟာ အဆမတန်ကြီးမားစွာ တည်ဆောက်ရမှာ ဖြစ်ပြီးတော့ နည်းပညာအရလည်းကောင်း၊ ကုန်ကျစရိတ်နဲ့ အကျိုးရှိမှု မမျှတခြင်းကြောင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သင့်လျော်မှုမရှိကြောင်း တွေ့ရှိရပါတယ်။ စီမံကိန်း အကောင်အထည်ဖော်ပြီး ဆောင်ရွက်မယ်ဆိုပါကလည်း စက်တပ်ဆင်အင်အားဟာ (၃၀)မဂ္ဂါဝပ်သာ ရှိတဲ့အတွက်ကြောင့်မို့လို့ ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲမှုအတွင်းမှာ တည်ဆောက်နိုင်တဲ့ စီမံကိန်း ဖြစ်ပါတယ်။

ဒါကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေနဲ့ လိုအပ်တဲ့ နည်းပညာပိုင်းဆိုင်ရာ အကူအညီများကိုသာ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပြီးတော့ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ မသင့်ကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**မတူပီမြို့နယ်၊ ရေဇွာမြို့တွင် အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က မတူပီမြို့နယ်၊ ရေဇွာမြို့တွင် အားကစားရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါ။ ကျွန်တော် ချင်းပြည်နယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် က အောက်ပါ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ရေဇွာမြို့ဟာ ၂၀၀၂ ခုနှစ်မှာ မြို့စတင်ရရှိတဲ့ မြို့ ဖြစ်ပါသည်။ သို့သော်လည်းပဲ ဘောလုံးကွင်းမရှိသေးတဲ့အတွက် ဘောလုံးကွင်းကို မြို့နယ်ဒေသခံ လူများနဲ့ ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ပူးပေါင်းပြီး ဘောလုံးကွင်းကို စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ပြီး ဖြစ်ပါတယ်။

သို့သော် ဘောလုံးပွဲ ပရိသတ်များ ပွဲကြည့်ရန်အတွက် အမိုးအကာမရှိတဲ့အတွက် မိုးလုံလေလုံ အားကစားရုံတစ်ရုံဆောက်ပေးနိုင်ပါရေးအတွက် ၂၀၁၃ ခုနှစ်က ကျွန်တော် တစ်ကြိမ်မေးမြန်းခဲ့ဘူးပါတယ်။ သို့သော်လည်းပဲ အဲဒီတုန်းက SEA Game ရှိတဲ့အတွက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးကြောင်း ဖြေကြားခဲ့ပါတယ်။ သို့သော် ယခုအခါ ဘောလုံးပွဲပရိသတ်များ ကြည့်နိုင်ရန်အတွက် မိုးလုံလေလုံ အထူးလိုအပ်ပါသဖြင့် မိုးလုံလေလုံရယ်လို့ ကျွန်တော်တို့ မေးတာဟာ အထူးမိုးလုံ လေလုံ တိုက်နဲ့ တာနဲ့ တင်ပြတာ မဟုတ်ဘဲ ပွဲကြည့်စင်ဟာမျိုး သွပ်မိုးနဲ့ ပျဉ်ခင်း၊ ပျဉ်ကာများ ကောင်းမွန်စွာ တည်ဆောက်ပေးနိုင်ရန်အတွက် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ချင်းပြည်နယ်အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ရဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့တွင် အားကစားရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့

စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်း တင်သွင်းလာခြင်းနဲ့ ပတ်သက်၍ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးဦးသောင်းထိုက် မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

အားကစားဝန်ကြီးဌာန အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှာရှိတဲ့ မြို့နယ်များမှာ အားကစားကွင်း၊ အားကစားရုံ အသစ်တည်ဆောက်ပေးရေးလုပ်ငန်းများ၊ ပြုပြင်မွမ်းမံပေးရေး လုပ်ငန်းများနဲ့ ပတ်သက်၍ အခြေခံမှုများနဲ့ အများဆုံး ကိုက်ညီတဲ့ မြို့နယ်များကို ဦးစားပေးအဆင့်အလိုက် ပြုပြင်တည်ဆောက်ပေးလျက် ရှိပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့မှာ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ပေးနိုင်ရေးအတွက် အားကစားဝန်ကြီးဌာန အနေနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ထံ စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းမေတ္တာရပ်ခံစာ ပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြန်ကြားချက်အရ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့မှာ ပေ(၆၀၀)၊ ပေ(၃၅၀) အတိုင်းအတာရှိတဲ့ ပွဲကြည့်စင်ပါ ဘောလုံးကွင်းအသစ်တည်ဆောက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ်သန်း(၁၅၀)လျာထားပြီး ဖြစ်ပါကြောင်းနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရေဇွာမြို့မှာ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာ တစ်ပြေးညီ ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က အငြိမ်းစား ဝန်ထမ်းများ ပင်စင်လစာ တစ်ပြေးညီ ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ပါမေးခွန်းနဲ့ပတ်သက်သောစာပိုဒ်များကို ဖတ်ကြားခွင့်ပြုပါရန် တောင်းခံအပ်ပါသည်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်မေးတဲ့ မေးခွန်းကတော့ အငြိမ်းစားဝန်ထမ်းများ တူညီသော်လည်း ခံစားရသော အငြိမ်းစားလစာများ မတူညီ ကွဲပြားနေတဲ့ ကိစ္စဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် တူညီနေကြသော်လည်း အငြိမ်းစား ယူကြတဲ့အခါမှာ စနစ်ဟောင်းနဲ့ စနစ်သစ်ဟူ၍ ခွဲခြားထားပြီး ခံစားရသော ပင်စင်လစာများလည်း မတူညီဘဲ ကွဲပြားနေသည်ကို တွေ့ရှိရပါတယ်။ ထို့ကြောင့် အငြိမ်းစားဝန်ထမ်းများ တစ်ပြေးညီ ခံစားခွင့်ပြုနိုင်ရန် အစီအစဉ် ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြင်ဆင်ပေးမည်ကို

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်း နဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာတစ်ပြေးညီ ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ။ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ပြင်ဆင်ပေးမည်နှင့် ပတ်သက် ၍ မေးခွန်းအပေါ်တွင် ပြန်လည်ရှင်းလင်း ဖြေကြားပေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၅၂၊ နည်းဥပဒေခွဲ(ဇ)မှာ ဝန်ထမ်းတစ်ဦးရဲ့ ပင်စင်အကျိုးခံစားခွင့်ကို ယင်းဝန်ထမ်း ပင်စင်ယူသည့် အချိန်၌ တည်ဆဲနည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနဲ့အညီ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၄၆၊ နည်းဥပဒေခွဲ(ခ)မှာ သက်ပြည့် ပင်စင်၊ နာမကျန်းပင်စင်၊ လျော်ကြေးပင်စင်ယူရာတွင် ပင်စင်အကျိုးခံစားခွင့်ရှိသည့် လုပ်သက် (၁၀) နှစ်နှင့်အထက်ရှိသည့် ကိစ္စ။ နှစ်ပြည့်ပင်စင်နှင့် လျှော့ပေါ့ပင်စင်ယူသည့်ကိစ္စများတွင် ပင်စင်လစာနှင့် လုပ်သက်ဆုငွေကို တွက်ချက်ခွင့်ပြုရန် ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပြဋ္ဌာန်းချက်ကတော့ ပင်စင်လစာဆိုရင် (လုပ်သက်နှစ် x နောက်ဆုံးထုတ်လစာ x ၁.၅ %) ဖြစ်ပါတယ်။ လုပ်သက်ဆုငွေ ကို တွက်ချက်ရာမှာ (လုပ်သက်နှစ် x နောက်ဆုံးထုတ်လစာ x ၅၀% )ဖြစ်ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၁၀-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၅၉/၂၀၁၅ နဲ့ပင်စင်ခံစားနေတဲ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၊ တပ်မတော်အငြိမ်းစားများ အပါအဝင်ကို လက်ရှိ ပင်စင်လစာအပြင် ထပ်မံတိုးမြှင့် သတ်မှတ်တဲ့ လစာကျပ် (၄၅၀၀၀)ပေါ်တွင် မူတည်ပြီး တည်ဆဲ ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်၍ တိုးမြှင့်ပင်စင်လစာအဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ မှစ၍ ခံစားခွင့် ပြုခဲ့ပါတယ်။ ဒီလို အသစ်တစ်ဖန် ပြန်လည်သတ်မှတ်တဲ့ တိုးမြှင့်ပင်စင်လစာ ငွေကျပ် (၄၅၀၀၀)ကို နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေ အခြေအနေအရ ရာထူးအဆင့် အနိမ့်ဆုံးဝန်ထမ်းရဲ့ နှစ်တိုး မပါ မူရင်းအခြေခံလစာငွေကျပ် (၇၅၀၀၀)နဲ့ တိုးမြှင့် အခြေခံလစာငွေကျပ် (၁၂၀၀၀၀)တို့ရဲ့ ခြားနားငွေ ကျပ်(၄၅၀၀၀)အပေါ် အခြေခံပြီး တွက်ချက်သတ်မှတ်ပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။

နိုင်ငံတော် အနေနဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ပင်စင်လစာနဲ့ ဆုကြေးအတွက် ကျပ်(၃၅၂)ဘီလီယံ သုံးစွဲခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှုန်းထားများ

တိုးမြှင့်စဉ်မှာ ပင်စင်လစာနဲ့ ဆုကြေးများလည်း တိုးမြှင့်ပေးခဲ့ခြင်းကြောင့် ကျပ်(၆၅၁)ဘီလီယံ တိုးမြှင့်သုံးစွဲခဲ့ရတဲ့အတွက် ယခင်နှစ်ထက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်(၂၉၉)ဘီလီယံ ပိုမိုကျခံသုံးစွဲရမှာ ဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော်ရဲ့ ဘတ်ဂျက်အခြေအနေဟာ လိုငွေပြလျက်ရှိတဲ့အတွက် ရငွေပိုင်း တိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်နေရသကဲ့သို့ပဲ အသုံးစရိတ်အပိုင်းမှာလည်း စိစစ်သုံးစွဲနေရတဲ့ အခြေအနေ ဖြစ်ပါတယ်။

သို့ဖြစ်ရာမှာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ အရအသုံး အနေအထားအရ ပင်စင်စားဟောင်းများကို လက်ရှိ ပင်စင်လစာအပြင် ရာထူးအဆင့် အနိမ့်ဆုံးဝန်ထမ်းအတွက် ထပ်မံတိုးမြှင့်သတ်မှတ်တဲ့ လစာကျပ် (၄၅၀၀၀)အပေါ် မူတည်ပြီး တည်ဆဲပင်စင်နည်းဥပဒေနဲ့အညီ တွက်ချက်ခံစားခွင့် ပြုခဲ့ခြင်းဖြစ်ပါတယ်။ ၁-၄-၂၀၁၅ ရက်နေ့ နောက်ပိုင်း ပင်စင်ခံစားတဲ့ ဝန်ထမ်းတွေကို နောက်ဆုံးထုတ်လစာ x လုပ်သက်နှစ် x ၁.၅% နဲ့ တွက်ချက်ပြီး ပင်စင်အကျိုးခံစားခွင့် ပြုပေးလျက်ရှိပြီး တော့မှ ၁-၄-၂၀၁၅ ရက်နေ့မတိုင်မီ အငြိမ်းစားများကိုတော့ လက်ရှိပင်စင်လစာအပြင် ထပ်မံတိုးမြှင့် သတ်မှတ်တဲ့ လစာကျပ်(၄၅၀၀၀) အပေါ်မူတည်ပြီး တွက်ချက်ပြီး ထပ်ဆောင်းခွင့်ပြုရမယ့် တိုးမြှင့် ပင်စင် လစာတွေကို ခွင့်ပြုပေးခြင်းပဲ ဖြစ်ပါတယ်။

တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများနဲ့ အငြိမ်းစားဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာများကို သတ်မှတ်တဲ့ နေရာမှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေအခြေအနေအပေါ် မူတည်ပြီးတော့ နိုင်ငံ့ ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ ပင်စင်ဥပဒေများနှင့်အညီ တိုးမြှင့်သတ်မှတ်ပေးရေး စဉ်းစားသုံး သပ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေ၊ အငြိမ်းစားဝန်ထမ်းအင်အားအရေအတွက်၊ လစဉ်၊ နှစ်စဉ် ကျခံသုံးစွဲလျက်ရှိတဲ့ လစာစရိတ်အခြေအနေများတို့ကို နှိုင်းယှဉ်ပြီးတော့မှ အဖက်ဖက်မှ သုံးသပ်ဆောင်ရွက်နေရပါသဖြင့် ယခုအချိန်မှာ အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင်လစာခံစားခွင့် များ အတွက် ပြင်ဆင်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြား အပ် ပါတယ် ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထား သော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၇-၁-၂၀၁၆ ရက် (ကြာသပတေးနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၇-၁-၂၀၁၆ ရက် (ကြာသပတေးနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အခကြေးငွေပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော အခကြေးငွေပေးရေး ဥပဒေကြမ်းကို ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အခကြေးငွေပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အခကြေးငွေပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၇-၁-၂၀၁၆ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူလက်ခံ အတည်ပြုထားသဖြင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်း ကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားခဲ့တဲ့ မူလဥပဒေကြမ်း၏ ခေါင်းစဉ် နှင့် အပိုဒ် ၁ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဆက်လက်အတည် ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူလက်ခံ အတည်ပြု ထားသဖြင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ဖြည့်စွက်ထားတဲ့ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆ တို့ကို အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က မူလဥပဒေကြမ်း၏ ခေါင်းစဉ် နှင့် အပိုဒ် ၁ တို့ကို အဆိုပြုပြဋ္ဌာန်းချက် အတိုင်းဆက်လက်ထားရှိဖို့အတည်ပြု ထားပါတယ်။ အမျိုးသားလွှတ်တော်ကလည်း အထက်ပါအတိုင်း ဆက်လက်အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် သဘောတူလက်ခံ အတည်ပြုထားသဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များ ဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆ တို့ကို ပြည်သူ့လွှတ်တော်ကအတည်ပြုထားတဲ့အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က မူလဥပဒေကြမ်း၏ ခေါင်းစဉ် နှင့် အပိုဒ် ၁ တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဆက်လက်ထားရှိရန် တည်ပြုထားပါတယ်။ အမျိုးသားလွှတ်တော်ကလည်း ဆက်လက်ပြီးတော့ အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးကာလများအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ပြည်သူ့ငွေစာရင်း ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးသိန်းဝင်း (ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်သူ့ငွေစာရင်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို အစီရင်ခံ တင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဟာ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ဆောင်ရွက်ချက်များနဲ့ ပတ်သက်ပြီးတော့မှ နိဒါန်းပိုင်းမှာ အပိုင်း(၁)နဲ့ ဖော်ပြထားခဲ့ပါတယ်။ နောက် ကော်မတီများဖွဲ့စည်းခြင်းနဲ့ ပတ်သက်လို့ ကော်မတီဖွဲ့စည်းခြင်းနဲ့ အသေးစိတ်

အားလုံးကို နောက်ဆက်တွဲ ဇယားဖြင့်တင်ပြထားပါတယ်။ အဲဒီတာဝန်ပေးချက်များ ဆောင်ရွက်ချက်နဲ့ ပတ်သက်လို့ စီးပွားရေးအဖွဲ့အစည်း ဝန်ကြီးဌာနများနဲ့ ပတ်သက်ပြီးတော့မှ ပယ်ဖျက်ရန် ဥပဒေ၊ ဆက်လက် ဆောင်ရွက်ရန် ဥပဒေစတဲ့ အချက်တွေကို အစီရင်ခံစာအပိုဒ် (၃)မှာ တင်ပြထားပါတယ်။

အဲဒီမှာ ဥပဒေပေါင်း(၁၁၃)ခုကို လေ့လာပြီးတော့ အစီရင်ခံစာတင်ပြခြင်း၊ လွှတ်တော် များမှာ အဆိုပြုတင်ပြခြင်းနဲ့ လုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါတယ်။ ဆွေးနွေးပွဲများတက်ရောက်ခြင်းနဲ့ ပတ်သက် ပြီးတော့မှ အပိုဒ်(၅)မှာ ဖော်ပြထားပါတယ်။ အစီရင်ခံစာများ တင်သွင်းခြင်းနဲ့ ပတ်သက်လို့ အစီရင်ခံစာ (၇)စောင် ဒီ ပထမ အမျိုးသားလွှတ်တော် ကာလအတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒါ အစီရင်ခံစာ တစ်ခုကတော့ -

(က) ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းကို လေ့လာတဲ့ အစီရင်ခံစာ ဖြစ်ပါတယ်။

(ခ) ပဥ္စမကာလတို (၅)နှစ်စီမံကိန်း ရေးဆွဲရာမှာ ပေးပို့တောင်းခံမည့် စာရင်းပုံစံများ နှင့်စပ်လျဉ်း၍ လေ့လာတင်ပြတဲ့အစီရင်ခံစာ ဖြစ်ပါတယ်။

(ဂ) ပြည်သူ့ငွေစာရင်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ ဖြစ်ပါတယ်။

(ဃ) သတ္တုတွင်းဝန်ကြီးဌာန၊ ရွှေကြွေးကျန်များကိစ္စနဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင် နဲ့နိုင်ငံပိုင်ပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီရဲ့ ကြွေးကျန်များကိစ္စ အစီရင်ခံစာ ဖြစ်ပါ တယ်။

(င) နတ်တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောလမ်းခင်းခြင်းနဲ့ ပတ်သက်လို့ တိုင်ကြားစာ အပေါ် စိစစ်တင်ပြတဲ့အစီရင်ခံစာ ဖြစ်ပါတယ်။

(စ) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအပေါ် ကြွေးကျန်များ ရရှိမှု လေ့လာတွေ့ရှိချက် အစီရင်ခံစာ ဖြစ်ပါတယ်။

(ဆ) နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ ကနေပြီးတော့မှ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများအပေါ် သုံးသပ်စိစစ် တင်ပြ တဲ့ အစီရင်ခံ စာပဲဖြစ်ပါတယ်။

အဲဒီလို အစီရင်ခံစာများကို တင်ပြနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ ပြည်သူ့ငွေစာရင်း ကော်မတီရဲ့ အစီရင်ခံစာများပေါ်ကနေပြီးတော့မှ အစီရင်ခံစာပါသုံးသပ်ချက်များကြောင့် သတ္တုတွင်း ဝန်ကြီးဌာန ကနေပြီးတော့မှ ရွှေကြွေးကျန် (၄၀၇၈.၆၉)ကျပ်သား ကောက်ခံရရှိခဲ့ပါတယ်။ နောက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မတီ၊ ကော်မရှင်ကနေပြီးတော့မှ ကြွေးပေါင်း(၁၇၃.၉၈၅)ဘီလီယံ ရရှိ ခဲ့ပြီးတော့မှ အဲဒီ ရောင်းချတဲ့ပစ္စည်းတွေအပေါ်မှာ ပြည်တွင်းအခွန်ကနေ ကောက်ခံတဲ့အခွန် (၂၅.၂၉၁) ဘီလီယံ ရရှိစေခဲ့ပါတယ်။ စုစုပေါင်းရွှေကြွေးကျန် (၄၀၇၈.၆၉)ကျပ်သားနဲ့ ငွေ(၁၉၉.၂၇၆) ဘီလီယံ ရရှိခဲ့ပါတယ်။ အဲဒီတော့အဲဒီအစီရင်ခံစာများမှာ ကျွန်တော်တို့သုံးသပ်ချက်များ တင်ပြခဲ့ပါတယ်။ အဲဒီသုံးသပ်ချက် များကတော့ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်ရသုံးမှန်းခြေငွေစာရင်းကို လေ့လာစိစစ် တင်ပြတဲ့ အစီရင်ခံစာ မှာအောက်ပါအတိုင်း သုံးသပ်တင်ပြခဲ့ပါတယ်-

(က) လိုငွေပေါ်ပေါက်မှုသည် နှစ်စဉ်ပေါ်ပေါက်ခဲ့ပါသည်။

(ခ) လိုငွေများကို ငွေတိုက်အာမခံ စာချုပ်များဖြင့်ဖြည့်ဆည်းပါသည်။

(ဂ) ရသုံးမှန်းခြေ ငွေစာရင်းများ တွင် နိုင်ငံခြားငွေဖြင့်ရငွေ၊ သုံးငွေများပါဝင်သော်လည်း နိုင်ငံခြားငွေရသုံး ဘတ်ဂျက် Foreign exchange Budget ရေးဆွဲထားခြင်းမရှိပါ။ သီးခြား ရေးဆွဲထားရမည့်အပြင် (၃) လတစ်ကြိမ်နိုင်ငံခြားငွေ ခွင့်ပြုချက် Foreign exchange Permit တောင်းခံသုံးစွဲမှု အခြေနေကိုဖော်ပြလျက် စာရင်းပိတ် လက်ကျန်အပေါ် ရသုံးစာရင်းတွင် သတ်မှတ်ငွေလဲနှုန်းဖြင့် ညှိနှိုင်းရေးဆွဲ ဖော်ပြမှု မရှိပါ။ အရငွေကိုသော်လည်းကောင်း၊ အသုံးငွေကိုသော်လည်းကောင်း ဗဟိုဘဏ် သတ်မှတ်နှုန်းဖြင့် စာရင်းတင်ထားကြောင်း တွေ့ရပါသည်။ ပြုပြင်ရေးဆွဲရန် လိုပါ သည်။

နောက် စာရင်းစစ်ချုပ်ရုံးကနေပြီးတော့မှ ကျွန်တော်တို့ အစီရင်ခံစာ ပေးပို့မှုနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြခဲ့ပါသည် -

(က) စစ်ဆေးခံအဖွဲ့အစည်းသို့ လိပ်မူ၍ အစီရင်ခံစာများ ထုတ်ပြန်နေခြင်းသည် ဥပဒေ သက်ရောက်မှု လျော့နည်းစေသည့်အပြင် အုပ်ချုပ်မှုအာဏာခွဲဝေ အပ်နှင်းထားသော ပြည်ထောင်စုအစိုးရနှင့် ဥပဒေပြုအာဏာခွဲဝေအပ်နှင်းထားသော လွှတ်တော်သို့ တစ်ပြိုင်တည်း ပေးပို့စေခြင်းဖြင့် အပြန်အလှန် ထိန်းကြောင်းမှု ပီပြင်လာမည် ဖြစ်ပါသည်။

(ခ) လွှတ်တော်မှ သိလိုသည့်အချက်များမေးမြန်းရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် အဆင့်ဆင့်သွားနေရသော စနစ်အား ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။

၉။　　ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်နှင့် နိုင်ငံပိုင်ပစ္စည်းများစီမံခန့်ခွဲမှုကော်မတီ၏ ရောင်းချခဲ့ သော နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအပေါ် ငွေပေးသွင်းရန် ကျန်ရှိနေမှုနှင့် စပ်လျဉ်း၍ အောက်ပါ အတိုင်း သုံးသပ်ဖော်ပြခဲ့ပါသည်-

(က) ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်နှင့် နိုင်ငံပိုင်သိမ်းဆည်းထားသောအိမ်ရာစီမံကိန်း အဆောက်အအုံများနှင့် မြေကွက်များ ရောင်းချမှုအပေါ် နှစ်ကာလ ကြာမြင့်စွာ အကြွေးများ ကျန်ရှိနေခြင်းမှာ မဖြစ်သင့်ကြောင်းနှင့် ဘဏ်ချေးငွေ ရရှိမှသာ ငွေပေး ချေမည်ဟူသော ကတိကဝတ်မှာလည်း လိုက်လျောလွန်း ရာရောက်ကြောင်း၊ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံ စာတွင် သုံးသပ်တင်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့သော် အရေးယူဆောင်ရွက်မှု အားနည်း လျက် ရှိနေကြောင်း သုံးသပ်ရရှိပါသည်။

(ခ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ရန်ကုန်တိုင်း ဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း (၇၂/၇၄)ရှိ မော်တော်ယာဉ် သိုလှောင်ရုံမြေ (၀.၁၃၄)ဧကနှင့် သိုလှောင်ရုံအဆောက်အအုံသည် ၁၁-၂-၂၀၁၁ ရက်နေ့တွင် ကျင်းပခဲ့သော အစည်းအဝေးအမှတ်စဉ် ၁/၂၀၁၁အရ ရောင်းချခဲ့ခြင်း

ဖြစ်ပြီး မြေဧရိယာကွဲလွဲနေခြင်းကြောင့် ငွေပေးသွင်းမှု နှောင့်နှေးနေကြောင်း တင်ပြသည်မှာ ယနေ့အထိ တိုးတက်မှု မရှိသေးခြင်းသည် တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းသည်ဟု သုံးသပ်ပါသည်။

(ဂ) ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် မြေနှင့်အဆောက်အအုံ ရောင်းချခြင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကျန်ရှိနေမှုသည် ၂၀၁၁ ခုနှစ်မှ ကျန်ရှိခြင်းဖြစ်ပြီး ပထမအရစ်သာ ပေးသွင်းထားသဖြင့် မြေနှင့်အဆောက်အအုံကို ပြန်လည်သိမ်းယူသင့်သည် ဟု သုံးသပ်ပါသည်။

(ဃ) ရထားပို့ဆောင်ရေးဝန်ကြီး ဌာနပိုင် မြေနှင့်အဆောက်အအုံ ရောင်းချမှုအပေါ် မြေဧရိယာ ကွဲလွဲမှုအတွက် မဖြစ်သင့်ပါ။ ပြန်လည်သိမ်းယူသင့်သည်ဟု သုံးသပ်ပါသည်။

(င) ပညာရေးဝန်ကြီးဌာန ပေးသွင်းရန် ကျန်(၃)ခုမှာ အိမ်ရာဆောက်လုပ်ရေး ကုမ္ပဏီများမှ ပေးသွင်းရန်ဖြစ်ပြီး တင်ပြချက်များအရ တာဝန်ရှိသော ကုမ္ပဏီများသည် ကုမ္ပဏီ မှတ်ပုံတင်ထားမှုမရှိခြင်း၊ သက်တမ်းကုန်ဆုံးနေခြင်း၊ စာရင်းမှ ပယ်ဖျက်ထားသော ကုမ္ပဏီများ ဖြစ်နေခြင်းစသည်တို့မှာ စီမံခန့်ခွဲမှုပေါ့လျော့သည်ဟု သုံးသပ်ပါသည်။ လွှဲပြောင်းခြင်း မပြုသေးကြောင်း တင်ပြထားချက်အရ လွှဲပြောင်းခြင်း မပြုဘဲ ပြန်လည် သိမ်းဆည်းပြီး လိုအပ်သလို ဆက်လက်အရေးယူ ဆောင်ရွက်သင့်သည်ဟု သုံးသပ်ပါသည်။

(စ) ဘဏ်ချေးငွေ ရရှိမှသာ ပေးဆပ်ပါမည်ဟု နှစ်ကာလကြာမြင့်စွာ ငွေပေးသွင်းမှု မရှိဘဲ တင်ပြထားချက်များကို လက်ခံ၍ စောင့်ဆိုင်းနေမှုများသည် မလျော်ကန်ပါသဖြင့် ဒဏ်ကြေး ပေးဆောင်စေခြင်း သို့မဟုတ် ပြန်လည်သိမ်းယူ စာရင်းရှင်းလင်းခြင်း ပြုလုပ်သင့်သည်ဟု သုံးသပ်ပါသည်။

(ဆ) အခွန်ကောက်ခံရန် ကျန်ရှိနေမှုများနှင့် တံဆိပ်ခေါင်းခွန် ကောက်ခံမှု အားနည်းခြင်းတို့ကြောင့် ရသင့်ရထိုက်သော အခွန်များ အချိန်နှင့်တစ်ပြေးညီ ရရှိမှုမရှိဘဲ နှစ်စဉ်ရသုံးမှန်းခြေ အကောင်အထည်ဖော်မှုကို အားနည်းစေပါသဖြင့် စီမံချက်ချမှတ်ရန် အလေးထား ဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်။

၁၀။ ဝန်ကြီးဌာနများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များ သုံးသပ်တင်ပြခဲ့ပါသည်-

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနများ၏ဆောင်ရွက်ချက်များသည် ခွဲဝေပေးသော အသုံးစရိတ်များ အပေါ် အကျိုး သက်ရောက်မှုရှိရှိ ထိရောက်စွာ သုံးစွဲရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ ပြည်သူတို့ အမှန်တကယ်အကျိုးရှိစွာ ခံစားခွင့်ရရှိရေး၊ ပြည်သူတို့ အမှန်တကယ်အကျိုးရှိစွာ ခံစားခွင့်ရရှိရေး အဆင့်ဆင့် ကြီးကြပ်သည့် စနစ်ထားရှိရန် လိုအပ်ပါသည်။

(ခ) ဝန်ကြီးဌာနများအလိုက် စံသတ်မှတ်မှုများ၊ ခန့်မှန်းခြေစာရင်း တွက်ချက်မှုများ တူညီရန် လိုအပ်ပါသည်။

(ဂ) တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပြီးပြတ်မှု မရှိသေးသည့်လုပ်ငန်းများအား တင်ဒါစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ရန်နှင့် ပြည်နယ်/တိုင်းဒေသကြီးများအလိုက် စစ်ဆေးသွားရန် လိုအပ်ပါသည်။ ဒါကျွန်တော်တို့ သုံးသပ်ချက်တွေကို စုစည်းပြီးတော့မှ ပြန်လည်တင်ပြခြင်း ဖြစ်ပါသည်။

**ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေမှုများ**

**ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ကော်မရှင်နှင့် နိုင်ငံပိုင်ပစ္စည်းများ စီမံခန့်ခွဲမှု ကော်မတီ**

၁၁။ စိစစ်ချက်များအရ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်နှင့် နိုင်ငံပိုင်ပစ္စည်းများ စီမံခန့်ခွဲရေးကော်မတီ၏ ရောင်းချခဲ့သော နိုင်ငံပိုင်ပစ္စည်းများ ထုခွဲရောင်းချမှု အပေါ် ကြွေးကျန်များဖြစ်ပေါ်နေမှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ အဲဒါကိုကျွန်တော် ဇယားနဲ့တင်ပြထားပါတယ်။ စုစုပေါင်း (၂၉၇၈.၅၀၀) ဘီလီယံ ကျန်ရှိနေပါတယ် -

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်နှင့် နိုင်ငံပိုင်ပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အအုံများနှင့် မြေကွက်များ၊ စီမံခန့်ခွဲမှုကော်မတီတို့မှရောင်းချခဲ့သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအပေါ် ကြွေးကျန်ရရှိမှု၊ ထပ်မံရရှိမှုတို့နှင့်စပ်လျဉ်း၍ ၂၄-၁၂-၂၀၁၅ ရက်နေ့အခြေအနေ**

| စဉ် | အကြောင်းအရာ | ပေးသွင်းရန်ကျန်ငွေ (ကျပ်သန်းပေါင်း) |
|---|---|---|
| ၁ | ကော်မရှင်<br>ရန်ကုန်တိုင်းဒေသကြီး၊မဟာဗန္ဓုလလမ်း၊ အမှတ် ၇၂/ ၇၄ D မော်တော်ယာဉ် သိုလှောင်ရုံမြေနှင့် အဆောက်အအုံ | ၂၃၄၄.၈၄၁ |
| | **စုစုပေါင်း** | **၂၃၄၄.၈၄၁** |
| ၂ | **(က) ဆောက်လုပ်ရေးဝန်ကြီးဌာန** | |
| | (က-၁)စမ်းချောင်းမြို့နယ်၊ မြေကွက်အမှတ်(၇-A) | ၃၆၀.၅၀၀ |
| | (က-၂)ရွှေတောင်ကြားလမ်း မြေကွက် | ၂၅၂၀.၀၀၀ |
| | **(ခ) ပညာရေးဝန်ကြီးဌာန** | |
| | (ဂ-၁) နိုဝင်ဘာဆောက်လုပ်ရေးကုမ္ပဏီ | ၁၂.၀၀၀ |
| | (ဂ-၂) ရဲရင့်အောင်ဆောက်လုပ်ရေးကုမ္ပဏီ | ၆၉.၀၀၀ |
| | (ဂ-၃) မြန်မာမြဆောက်လုပ်ရေးကုမ္ပဏီ | ၁၇.၀၀၀ |
| | **စုစုပေါင်း** | **၂၉၇၈.၅၀၀** |

၁၂။ နိုင်ငံပိုင်ပစ္စည်းများ ထုခွဲရောင်းချမှုအပေါ် အခွန်ကောက်ခံမှုတွင် အားနည်းလျက်ရှိပြီး အခွန်ကောက်ခံနိုင်မှုနှင့် အခွန်ကောက်ခံရန် ကျန်ရှိနေမှုမှာ အောက်ပါအတိုင်း တွေ့ရပါသည်။ အသေးစိတ်ကို ကျွန်တော်တို့ နောက်ဆက်တွဲ(ခ)နဲ့ တင်ပြထားပါတယ်။ တိုင်းအလိုက်၊ မြို့နယ်အလိုက် သီးသန့်အသေးစိတ်ဖော်ပြထားပါတယ်။ အဲဒီမှာ ကော်မရှင်ကနေပြီးတော့မှ ကောက်ခံရန်ကျန်ရှိတဲ့ အမှုအရေအတွက်ဟာ (၅၇၁)မှု ရှိပြီးတော့မှ ကော်မတီက ကျန်ရှိတဲ့ အမှုအရေအတွက်ဟာ (၅၉၂)မှု ရှိပါ တယ်။ စုစုပေါင်း (၁၁၆၃)မှု ကျန်ရှိကြောင်း တွေ့ရှိရပါတယ်။

| စဉ် | အကြောင်းအရာ | ကောက်ခံရန် စုစုပေါင်း အမှုအရေအတွက် | ကောက်ခံပြီး အမှု အရေအတွက် | ကောက်ခံရန် ကျန် အမှုအရေအတွက် |
|---|---|---|---|---|
| ၁။ | ကော်မရှင် | ၇၇၃ | ၂၀၂ | ၅၇၁ |
| ၂။ | ကော်မတီ | ၈၃၁ | ၂၃၉ | ၅၉၂ |
| | **စုစုပေါင်း** | **၁၆၀၄** | **၄၄၁** | **၁၁၆၃** |

## သတ္တုတွင်းဝန်ကြီးဌာန၏ ရွှေကြွေးကျန်များ

၁၃။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးပို့ခဲ့သော်လည်း စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးချက် အစီရင်ခံစာများအရ ကြွေးကျန်ကောက်ခံရရှိမှုအားနည်းနေသဖြင့် မေးခွန်းများ ဆက်လက်မေးမြန်းခဲ့ပါသည်။ မေးမြန်း၍ ဖြေကြားခဲ့သော အချက်များ၊ တင်ပြခဲ့သော အထောက်အထားများအရ ရွှေပေးသွင်းရန် ကျန်ရှိနေမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ အသေးစိတ်ကို ကျွန်တော်တို့ နောက်ဆက်တွဲ(ဂ) ဖြင့် ဖော်ပြထားပါတယ်။

စုစုပေါင်း ၃၁-၁၀-၂၀၁၅ ရက်နေ့မှာ သွင်းရန်ကျန်တဲ့ ရွှေစင်ကျပ်သားပေါင်းဟာ ၂၀၃၆၈.၂၆ ကျပ်သား ကျန်ရှိနေပါသေးတယ်။

၃၁-၃-၂၀၁၃ ရက်နေ့သွင်းရန် ကျန်ငွေ ၃၂၃၂၀.၀၄

## ကင်းလွတ်ခွင့်ရနှင့် ပေးသွင်းပြီးရွှေစင်

(က) ထာဝရကုမ္ပဏီမှ ကင်းလွတ်ခွင့်ရရွှေစင် ၇၆၇၃.၀၉

(ခ) ၂၅.၁၀.၂၀၁၄ ရက်နေ့ထိ စာရင်းရှင်းလင်းပြီး ရွှေစင် ၉၄၇.၆၁

(ဂ) ၂၆.၁၀.၂၀၁၄ မှ ၃၁.၁၀.၂၀၁၅ထိစာရင်းရှင်းလင်းပြီး ရွှေစင် ၃၁၃၁.၀၈ (၁၁၇၅၁.၇၈)

၃၁.၁၀.၂၀၁၅ ရက်နေ့ သွင်းရန်ကျန်ရွှေစင် ၂၀၃၆၈.၂၆

## ဆောက်လုပ်ရေးဝန်ကြီးဌာန၏ B.O.T လမ်းများ

၁၄။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ B.O.T စနစ်ဖြင့် ဆောင်ရွက်ခဲ့သော လမ်းတည်ဆောက်ရေး၊ အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် စာချုပ်ပါ စည်းကမ်းများအရ ဆောင်ရွက်ရန် ကျန်ရှိသော လမ်းပိုင်းများ နောက်ဆက်တွဲ (ဃ)ဖြင့် တင်ပြထားပါသည်။

**ပြုလုပ်ခဲ့သော အစည်းအဝေးများ**

၁၅။　　ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ပြုလုပ်ခဲ့သော အစည်းအဝေးများမှာ ဝန်ကြီးဌာနများနဲ့ (၁၂)ကြိမ်၊ ကော်မတီအစည်းအဝေးများ (၂၂)ကြိမ်ပြုလုပ်ခဲ့ပါတယ်။

**အကြံပြုတိုက်တွန်းချက်များ**

၁၆။　　တင်သွင်းခဲ့သော အစီရင်ခံစာများတွင် သုံးသပ်ချက်များနှင့် ဆောင်ရွက်ရန်ကျန်ရှိနေသော လုပ်ငန်းများကို ပြည်သူ့အကျိုးငှာ ပြီးပြတ်သည်အထိ ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။ အဲဒီတော့ ကျွန်တော်တို့ ဒီနေရာမှာ အစီရင်ခံစာတွေများစွာ ထုတ်ပြန်ခဲ့ပေမဲ့ အစိုးရဝန်ကြီးဌာနကနေပြီးတော့မှ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်မှု ပြီးစီးတဲ့ အကြောင်းအရာ အချက်အလက်များကို တင်ပြမှု အင်မတန်အားနည်းနေသေးတာကို တွေ့ရှိရပါတယ်။ နောင်လာမဲ့ လွှတ်တော်သက်တမ်းများမှာလည်း ဒီလိုမဖြစ်ရန် အထူးလိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

**နိဂုံး**

၁၇။　　အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီသည် ပထမအကြိမ် လွှတ်တော်သက်တမ်း ကာလအတွင်း အပ်နှင်းထားသော တာဝန်များနှင့် လုပ်ပိုင်ခွင့်များအရ ပြည်သူ့အကျိုးငှာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်းပြီးဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၀)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ(၆) ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၀း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]